## မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီအမည်ဖြင့် ၂၀၁၈-ခုနှစ်၊ အောက်တိုဘာလ (၃၀)ရက်နေ့တွင်ထုတ်ပြန်ခဲ့သည့် မြေလွတ်မြေလပ်မြေရိုင်းများလျှောက်ထားနိုင်ရန်ကြေငြာချက်အပေါ်

## ဒို့မြေကွန်ရက်၏ သဘောထားကြေညာချက်

၂၀၁၈-ခုနှစ် နိုဝင်ဘာလ ၆-ရက်

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီအမည်ဖြင့်ထုတ်ပြန်ခဲ့သည့် ၂၀၁၈-ခုနှစ်၊ အောက်တိုဘာလ(၃၀)ရက်နေ့စွဲပါ "ဗဟိုကော်မတီ၏ခွင့်ပြုမိန့်မရဘဲ မြေလွတ်၊မြေလွတ်နှင့် မြေရိုင်းများကို ရယူအသုံးပြုလျက်ရှိသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအား အသိပေးအကြောင်းကြားခြင်း" [စာအမှတ်-၁၂/ မလရ-၁(၃၇၈/၂၀၁၈)] ကြေညာချက်နှင့် ၂၀၁၈-ခုနှစ်၊ နိုဝင်ဘာလ(၂)ရက် မြန်မာ့အလင်းသတင်းစာပါ "မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများကိုလျှောက်ထားနိုင်ကြောင်းအသိပေးကြေညာခြင်း" များတွေ့ရှိရပါသည်။

လက်ရှိမြေယာပြဿနာများကို ပိုမိုရှုပ်ထွေးဆိုးဝါး စေနိုင်သည့် "မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှု ဥပဒေ" ကို ဒေသခံပြည်သူလူထု၏သဘောထား ရယူခြင်းမရှိဘဲအတည်ပြုခဲ့ခြင်းကို ဒို့မြေကွန်ရက်မှ ကန့်ကွက်ခဲ့ပြီးဖြစ်ပါသည်။

ယခု ယင်းဥပဒေကို ကျယ်ကျယ်ပြန့်ပြန့်အကောင်အထည်ဖော်ရန် တွန်းအားပေးခြင်းသည် မြန်မာနိုင်ငံတဝှမ်းရှိဒေသခံတောင်သူလယ်သမားများ၊ ဌာနေတိုင်းရင်းသားများနှင့်မြေကိုမှီခို၍အသက်မွေးဝမ်းကြောင်းပြုလုပ်နေသောပြည်သူများအား ရာဇဝတ်ကျူးလွန်သူများအဖြစ် သက်ရောက်စေပြီး မြေယာပြဿနာမှသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာများစွာကို ဖန်တီးရာ ရောက်သောကြောင့် ဒို့မြေကွန်ရက်မှ လွန်စွာစိုးရိမ်ပူပန်မိပါသည်။

လယ်ယာမြေစီမံခန့်ခွဲမှုနှင့်စာရင်းအင်းဌာန၏ ကိန်းဂဏန်းများအရ မြန်မာနိုင်ငံတဝှမ်းတွင် အသုံးပြုခွင့်မချမှတ်သေးသောမြေယာ ၄၅-သန်းရှိနေပြီး ၎င်းတို့၏ ၈၂-ရာခိုင်နှုန်းသည် တိုင်းရင်းသားဒေသများ၌ရှိနေကြောင်းသိရှိရသည်။

ယခုကြေညာချက်အရ အဆိုပါမြေဧရိယာပမာဏအတွင်း ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုများကို ကျင့်သုံးလျက်ရှိသည့် တိုင်းရင်းသားများ၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရသူများနှင့် မရေတွက်နိုင်သောပြည်သူများအား ၎င်းတို့၏ မူလနေထိုင်၊ အသက်မွေးဝမ်းကြောင်းပြုရာမြေများကို ၆-လအတွင်း မှတ်ပုံတင်ခြင်းပြုရန်၊ လျှောက်ထားရန် ဖော်ပြထားသည်။

ကြေညာချက်တွင် ဥပဒေပုဒ်မ-၂၇(က)အရ ဗဟိုကော်မီတီ၏ ခွင့်ပြုချက်မရရှိပဲ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြုသူမည်သူကိုမဆို ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၃)ပါ ပြဌာန်းချက်အား ကျူးလွန်ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၂-နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ၅-သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ် ၂-ရပ်စလုံးဖြစ်စေ ချမှတ်ရမည်ဟု ပြဌာန်းထားကြောင်း ဖော်ပြထားပါသည်။

အတိတ်ရာဇဝင်ရှုပ်ထွေးမှုရှိနေသည့် မြေနေရာများ၊ မဖြေရှင်းနိုင်သေးသည့် မြေသိမ်းပြဿနာများရှိနေသည့် တိုင်းရင်းသားဒေများတွင် ထိုသို့များကျယ်ပြန့်သော ဧရိယာအတွင်း နေထိုင်သူများအားလုံးမှ

လျော့ကျထားခြင်း၊ စိစစ်ခြင်းနှင့် ခွင့်ပြုခြင်းများကို ၆-လအတွင်း ဆောင်ရွက်ရန်အချက်မှာ လက်တွေ့တွင် ဖြစ်နိုင်ချေ အလွန်နည်းပါးသည်ဟု သုံးသပ်ပါသည်။

ဖြစ်နိုင်ချေအလွန်နည်းပါးသော အချိန်တိုအတွင်း မြေယာမှတ်ပုံတင်ရန် ဥပဒေဖြင့်တွန်းအားပေးခြင်းဖြင့် တိုင်းရင်းသားပြည်သူများကို မြေယာမဲ့များ၊ ရာဇဝတ်မှုကျူးလွန်သူများအဖြစ် ကျရောက်စေပြီး အကျင့်ပျက် ခြစားမှုများ၊ မတရား အနိုင်အထက်ပြုမှုများ၊ ပဋိပက္ခ အကြမ်းဖက်မှုများ စသည့် နိုင်ငံရေး၊ လူမှုစီးပွားရေး ပဋိပက္ခအသစ်များ ပေါ်ပေါက်စေရန်ဖန်တီးသော အလွန်အန္တရာယ်ကြီးသည့်လုပ်ရပ်အဖြစ်သုံးသပ်ပါသည်။

မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေကိုပြင်ဆင်သည့်ဥပဒေ(၂၀၁၈) သည် တိုင်းရင်းသားများ၏ မွေးရာပါမူလအခွင့်အရေးဖြစ်သည့် မြေယာသယံဇာတဆိုင်ရာအခွင့်အရေးများ၊ မြေ/ရေ/အင်းအိုင်နှင့် သစ်တောများအား ဘုံပိုင်စနစ်နှင့် ဓလေ့ထုံးတမ်းအရ စီမံခန့်ခွဲလုပ်ပိုင်ခွင့်စနစ်များကို အသိအမှတ်မပြုပဲ တိုင်းရင်းသားပြည်သူများ လက်တွေ့ဆောင်ရွက်ရန်ခက်ခဲသော မှတ်ပုံတင်စနစ်ကိုပြဋ္ဌာန်းပြီး ရင်းနှီးမြှုပ်နှံမှု များကို တဖက်သတ်ဦးစားပေးရန် ရေးဆွဲအတည်ပြုထားသော ဥပဒေဖြစ်ပါသည်။ တောင်ပေါ်ဒေသရှိ တိုင်းရင်းသားများအပါအဝင် လယ်၊ ယာမြေလုပ်ကိုင်သူ အများစုအား "ကျူးကျော်နေထိုင်စိုက်ပျိုးသူများ"၊ "ရာဇဝတ်မှုကျူးလွန်သူများ" အဖြစ် သတ်မှတ်မည့် အနိုင်အထက်ပြု ရက်စက်သည့်ဥပဒေဖြစ်နေသည်ဟု မြင်ပါသည်။ ထို့အပြင် စစ်ဘေးဒဏ်ကြောင့်နေရပ်စွန့်ခွာရသူများ၏လူမှုရေးတရားမျှတမှုအတွက်ထည့်သွင်း စဉ်းစားထားခြင်းမရှိဘဲ ဥပဒေများကိုအသုံးပြု၍ မြေယာလုယူသိမ်းဆည်းခြင်းသက်သက် အတွက်သာ ဖြစ်နေပါသည်။

မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေကိုပြင်ဆင်သည့်ဥပဒေ(၂၀၁၈)သည်လက်ရှိတည်ဆောက် နေသောငြိမ်းချမ်းရေးကို အဟန့်အတားထိခိုက်ရုံသာမက တိုင်းရင်းသားဒေသများတွင် ပဋိပက္ခကို ပိုမို ကြီးထွားစေနိုင်သည်။ မြန်မာနိုင်ငံ၏ လက်ရှိမြေယာပြဿနာကို ပိုမိုရှုပ်ထွေးကျယ်ပြန့်စေပြီး ပြည်တွင်း ငြိမ်းချမ်းရေးကို တိုက်ရိုက်ထိခိုက်စေမည့် ၂၀၁၈-မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲမှုဥပဒေကို ပယ်ဖျက်ရန်လိုအပ်သည်ဟု အလေးအနက် အဆိုပြုပါသည်။

**ဆက်သွယ်ရန်**

၁။ ကိုစည်သူ ၀၉ ၇၉၀၇၃၉ ၄၈၈

၂။ မိခွန်း ၀၉ ၄၀၁၆၀ ၁၈၂၂

၃။ စောအဲလက်စ် ၀၉ ၇၈၅၁၇၅ ၈၇၄